# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

COMMERCE

January 30, 2019 Volume 15, Number 20


**၃၀.၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၁၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၈၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၃/ကျပ် |
| CBM Rate | = ၁၅၂၂/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၄၁.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၆.၅ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၂.၈ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၃.၁ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၄.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၆၁ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၀၇ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၂၄ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၀.၇၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၄၄၈ကျပ် |

## မြန်မာနိုင်ငံမှာစက်ရုံဖွင့်ပြီး လုပ်ငန်းတိုးချဲ့မယ့် Vinamilk

ဗီယက်နမ်အခြေစိုက် နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီ Vinamilk ကတော့ ယခုနှစ် ၂၀၁၉ မှာ မြန်မာနိုင်ငံမှာ ယင်းရဲ့ပထမဆုံး နို့ထွက်ပစ္စည်းထုတ်စက်ရုံတစ်ရုံကို ဖွင့်လှစ်တော့မှာဖြစ်တယ်လို့ ယင်းကုမ္ပဏီနဲ့နီးစပ်သူတစ်ဦးက ပြောပါတယ်။ Vinamilk အနေနဲ့ ယင်းရဲ့ ထုတ်ကုန်တွေအပေါ် ဝယ်လိုအား မြင့်တက်လာနေမှုကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ယခုလို စက်ရုံဖွင့်လှစ်လုပ်ကိုင်ဖို့ စီစဉ်ရခြင်းဖြစ်ကြောင်းသိရပါတယ်။

မြန်မာစက်ရုံဖွင့်လှစ်မှုကတော့ Vinamilk ကုမ္ပဏီအတွက် အာဆီယံဒေသဈေးကွက်တွင်း ဒုတိယမြောက် အခြေချမှုလည်းဖြစ်လာဖို့ရှိနေပါတယ်။ မြန်မာ မတိုင်မီတုန်းတော့ Vinamilk အနေနဲ့ ကမ္ဘောဒီးယားမှာ ပထမဆုံးစက်ရုံတစ်ခုကို ဖွင့်လှစ်လုပ်ကိုင်နေခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် အခြားသော အာဆီယံ နိုင်ငံတစ်ခုဖြစ်တဲ့ အင်ဒိုနီးရှားမှာလည်း ဖက်စပ်လုပ်ငန်းထူထောင်ဖို့ Vinamilk အနေနဲ့ဆွေးနွေးမှုတွေ လုပ်နေတယ်လို့ သိရပါတယ်။

အလားတူ ယင်းရဲ့နိုင်ငံရပ်ခြားလုပ်ငန်းအစီအစဉ်တွေကို အားကောင်းစေဖို့အတွက် အဆိုပါနို့ထွက်ပစ္စည်းထုတ် လုပ်ငန်းစုအနေနဲ့ ယခုနှစ်အတွင်း တရုတ်ဈေးကွက်ထဲ ဝင်ရောက်သွားဖို့ရှိနေတယ်လို့သိရပါတယ်။

**Source:** https://asia.nikkei.com/.../Vinamilk-to-launch-Myanmar-factor...

SFJ Strategy First Journal

## တရုတ်ကုန်သည်အဝင်နည်းလို့ ကျောက်စိမ်းလိုင်းစုံ အရောင်းအဝယ် ပိုမိုကျဆင်း

တရုတ်ကုန်သည်အဝင်နည်းလို့ ကျောက်ဝိုင်းအရောင်းအဝယ် ဈေးကွက်မှာ ဒီရက်ပိုင်း ကျောက်စိမ်းအရောင်းအဝယ် ကျဆင်းတယ်လို့ ကျောက်ဝိုင်းက ကျောက်စိမ်းဝယ်ရောင်းပွဲစားအချို့ကပြောပါတယ်။

တရုတ်နှစ်ကူးရှိနေလို့ ဝယ်လက်တရုတ်အများစု ပြန်သွားကြတာကြောင့် လတ်တလောဈေးကွက်မှာ ဝယ်ယူသူလျော့နည်းသွားတယ်။ သည်အတွက် အရောင်းအဝယ် ကျဆင်းတာဖြစ်တယ်လို့ ဝယ်ရောင်းအချို့က ပြောပါတယ်။

တရုတ်ဝယ်လက်ကျောက်စိမ်းကုန်သည် အရေအတွက်နည်းလာလို့ အရောင်းအဝယ် သိသိသာသာလျော့ပါးသွားခဲ့တဲ့အပြင် လက်ရှိရှိတဲ့ ကုန်သည်အချို့ကလည်း အဝယ်ရပ်ထားတဲ့အတွက် ကျောက်စိမ်းလိုင်းစုံ အရောင်းအဝယ်ဈေးကွက် ဟာ အရောင်းအဝယ်ပိုမိုကျဆင်းနေတာလို့သိရပါတယ်။

အောက်ကျောက်သမားတွေကတော့ မဖြစ်မနေ ဝမ်းစာအတွက် လုပ်ကိုင်ရောင်းဝယ်နေရပြီးတော့ လက်ကြီးသမားတွေကတော့ ထိန်းရောင်းထိန်းဝယ်ပုံစံမျိုးနဲ့သွားတယ်၊ ဈေးကွက်က နှစ်ကူးပြီးမှ အလားအလာ


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm

myantradetir2016@gmail.com

ပြန်ကောင်းနိုင်မယ်လို့ ကျောက်ဝိုင်းက ဝါရင့်ကျောက်စိမ်းဝယ်ရောင်း လုပ်ငန်းရှင်တစ်ဦးကပြောပါတယ်။ ကျောက်ဝိုင်းမှာ အရောင်းအဝယ်ကျ ဆင်းလာတာနဲ့အမျှ ကျောက်ဝိုင်းအတွင်း လာရောက်ရောင်းဝယ်နေကြတဲ့ ဒေသခံဝယ်ရောင်းပွဲစားအရေအတွက်ကလည်း လျော့နည်းသွားတယ်။ ယခင်က ကျောက် ဝိုင်းအတွင်း ဝင်ထွက်သွားလာရောင်းဝယ်ကြတဲ့ကျောက်စိမ်းဝယ်ရောင်း ပွဲစားအရေအတွက်ဟာ ၂၀,၀၀၀ ဝန်းကျင်ရှိမယ်လို့ ခန့်မှန်း ရပြီး ယခုရက်ပိုင်းမှာ လူဦးရေ ၁၀,၀၀၀ ဝန်းကျင်သာရှိမယ်လို့ ကျောက်စိမ်းဝယ်ရောင်းပွဲစားအချို့က ခန့်မှန်းပြောဆိုပါတယ်။

မဟာအောင်မြေကျောက်ဝိုင်း စတင်ဖွင့်လှစ်ချိန် ၂၀၀၀ ပြည့်နှစ်ကနေ လက်ရှိအချိန်အထိ ၁၉ နှစ်တာကာလအတွင်း ကျောက်ဝိုင်းရဲ့ လက်ရှိအရောင်းအဝယ်အခြေအနေဟာ ဈေးကွက်ကောင်းမွန်ခြင်း မရှိသေးဘဲ ကျဆင်းတဲ့အနေအထားမှာ ရောက်ရှိနေတယ်။ ယခုထက်ပိုမိုဈေးကွက် ကျဆင်းလာပါက အခြေခံကျောက်စိမ်း လုပ်ငန်းသမားတွေရပ်တည်ဖို့ ခက်ခဲလာမှာကို ကျောက်စိမ်းဝယ်ရောင်းလုပ်ငန်းသမားတွေက စိုးရိမ်နေပါတယ်။

Source: https://www.kumudranews.com/news-32120?fbclid=IwAR2lYsKjwOU1oa47IbBoa FPEqT3tew6RnkNROuQzYo-vflAusIM7svqrVsA

## နယ်ပယ်စုံရင်းနှီးမြှုပ်နှံမယ့် AMGF အဖွဲ့ စတင်ပြီ



စင်ကာပူနိုင်ငံမှာ မှတ်ပုံတင်ထားတဲ့ Ascent Capital က နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ အာဆီယံမဟာဗျူဟာ ရင်းနှီးမြှုပ်နှံသူတွေ ထည့်ဝင်ရင်းနှီးထားတဲ့ Ascent Myanmar Growth Fund (AMGF) ကို စတင်ပြီဖြစ်ပါတယ်။ AMGF အနေနဲ့ မြန်မာနိုင်ငံမှာ စားသုံးသူနဲ့သက်ဆိုင်တဲ့လုပ်ငန်းတွေ၊ ပညာရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ ကျန်းမာရေး၊ နည်းပညာ၊ မီဒီယာနဲ့ ဆက်သွယ်ရေးကဏ္ဍတွေက ကုမ္ပဏီတွေကို အဓိကထားရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးလုပ်ဆောင်ရာမှာ အောင်မြင်မှုမှတ်တမ်းကောင်းတွေ ရရှိထားတဲ့ အဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေနဲ့ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူတွေ ပါဝင်ရင်းနှီးထည့်ဝင်ထားပါတယ်။

ရင်းနှီးမြှုပ်နှံသူတွေမှာ Temasek, အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နဲ့ JB Summit Holding တို့ ပါဝင်ပါ တယ်။ အဓိက ရင်းနှီးမြှုပ်နှံသူတွေမှာ မြန်မာနိုင်ငံက အအောင်မြင်ဆုံး ကုမ္ပဏီတွေအနက်တစ်ခုဖြစ်ပြီး ဂရန်းရွှိုင်ရယ် ဝီစကီအမှတ်တံဆိပ်ရဲ့ ပိုင်ရှင်ဖြစ်တဲ့ Myanmar DistilleryCompany (MDC Group) ရဲ့ တည်ထေ ◌ာင်သူနဲ့ တွဲဖက်ဥက္ကဋ္ဌဖြစ်သူဦးအောင်မိုးကျော်၊ MDC Group ရဲ့ တွဲဖက်တည်ထောင်သူနဲ့ Asia Resource Corporation ရဲ့ ဥက္ကဋ္ဌဖြစ်သူ စင်ကာပူနိုင်ငံက Mr.Tony Chew တို့ဖြစ်ပါတယ်။ Mr.Tony Chew ဟာ အာဆီယံရှိဖွံ့ဖြိုးဆဲဈေးကွက်ထဲမှာ ရင်းနှီးမြှုပ်နှံမှုနဲ့လုပ်ငန်းတွေလုပ်ဆောင်ပြီး အောင်မြင်မှုတွေရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လာတာလည်း နှစ်ပေါင်း ၂၀ ကြာခဲ့ပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ဦးအောင်မိုးကျော်က မြန်မာနိုင်ငံက ကုမ္ပဏီတွေတိုးတက်အောင်မြင်လာစေဖို့ AMGF အနေနဲ့ တစ်ဖက်တစ်လမ်းက ကူညီပေးနိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်လို့ပြောပါ တယ်။ AMGF ကို Ascent Capital က တာဝန်ယူစီမံခန့်ခွဲပြီး စင်ကာပူနိုင်ငံသား Lim Chong Chong နဲ့ မလေးရှားနိုင်ငံသား Pneh Tee Keong တို့က တည်ထောင်ခဲ့ပါတယ်။

တည်ထောင်သူတွေမှာ မြန်မာ၊ တရုတ်၊ စင်ကာပူနဲ့ မလေးရှားနိုင်ငံတို့က ပုဂ္ဂလိက ရှယ်ယာရင်းနှီးမြှုပ်နှံမှုတွေ၊ ကော်ပိုရိတ်ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ အတိုင်ပင်ခံလုပ်ငန်းနဲ့ အကြီးတန်း အမှုဆောင်အရာရှိ ရာထူးနေရာတွေမှာ ဆယ်စုပေါင်းများစွာလုပ်ကိုင်ထားတဲ့ အတွေ့အကြုံတွေရှိကြပါတယ်။

Temasek နဲ့ ADB လို ရင်းနှီးမြှုပ်နှံသူတွေနဲ့ ကမ္ဘာတစ်ဝှမ်းစီးပွားရေးကဏ္ဍအမျိုးမျိုးမှာ အောင်မြင်မှုရထားတဲ့ သူတွေဆီ ထောက်ပံ့မှုတွေရရှိထားတယ်။ ဘဏ္ဍာရေးထောက်ပံ့ခြင်းမက ကျွမ်းကျင်မှုစီမံခန့်ခွဲမှုနဲ့ ကမ္ဘာအနှံ့ ကွန်ရက်တွေကို အသုံးပြုထားတဲ့ ရင်းနှီးမြှုပ်နှံမှုဟာ မြန်မာနိုင်ငံကုမ္ပဏီမှ ကောင်းမွန်အောင် ကူညီဆောင်ရွက်ပေးနိုင်မှာဖြစ်ကြောင်း Ascent Capital တည်ထောင်သူ Managing Patner ဖြစ်သူ Lim Chong Chong က ပြောပါတယ်။

**Source:**HTTPS://WWW.KUMUDRANEWS.COM/NEWS-32138

## ရှေးဟောင်းမြို့များပိုင်ဆိုင်၍ ခရီးသွားလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် မန္တလေးတိုင်းဝန်ကြီးချုပ်ပြော

မြန်မာနိုင်ငံ၏ ပထမဆုံးမင်းဆက်များ တည်ထောင်သည့် ပုဂံနှင့်ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးမြို့ဖြစ်သည့် မန္တလေးမြို့ကို မန္တလေးတိုင်းဒေသကြီးက ပိုင်ဆိုင်ထား၍ ခရီးသွားလုပ်ငန်းများ တိုင်းဒေသကြီးအတွင်း လာရောက်ရင်းနှီးမြှုပ်နှံရန် ဇန်နဝါရီ ၂၈ ရက်က ကျင်းပသည့် Invest Myanmar Summit 2019 ၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ကပြောသည်။

ယဉ်ကျေးမှုခရီးသွားလုပ်ငန်းကဏ္ဍမှာ ရင်းနှီးမြှုပ်နှံလို့ရပါတယ်။ မြန်မာနိုင်ငံကို တည်ထောင်ခဲ့တဲ့ ပထမဦးဆုံး မင်းဆက် ပုဂံဟာ မန္တလေးတိုင်းမှာရှိတယ်။ အင်္ဂလိပ်ကိုလိုနီလက်အောက်ရောက်သွားတဲ့ နောက်ဆုံးကုန်းဘောင်ဆက်ကလည်း မန္တလေးတိုင်းမှာရှိကြောင်း၊ ထို့အပြင် မန္တလေးတိုင်းအတွင်း ဒြပ်မဲ့ယဉ်ကျေးမှု ၃၀၀ ကျော်ရှိပြီး ယင်းအနက် ရွှေမျက်ပါး လုပ်ငန်း၊ ရွှေချည်ထိုးလုပ်ငန်းစသည့်တို့ပါဝင်၍ ယဉ်ကျေးမှုအခြေပြုခရီးသွားလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံနိုင်ကြောင်း၊ မန္တလေးတိုင်းသည် မြန်မာနိုင်ငံအလယ်ပိုင်း၌တည်ရှိပြီး အင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့၏ အလယ်တွင်ရှိနေသည်။ ထို့ကြောင့်မန္တလေးတိုင်းသည် အနာဂတ်တွင်ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးမြို့ဖြစ်ကြောင်း ဒေါက်တာဇော်မြင့်မောင်ကပြောသည်။

မန္တလေးမြို့သည် အာဆီယံနိုင်ငံများနှင့် ချိတ်ဆက်နိုင်ပြီး ရေကြောင်းဖြင့်လည်း ကုန်သွယ်နိုင်သည်ဟု ၎င်းကဆိုသည်။

ထို့အပြင် မန္တလေးမြို့ရှိ တံတားဦးလေဆိပ်သည် အရှေ့တောင်အာရှတွင် လေယာဉ်ပြေးလမ်း အရှည်ဆုံးလေယာဉ်ကွင်းဖြစ်ပြီး လက်ရှိ၌ ဂျပန်အကူအညီဖြင့် အဆင့်မြှင့်နေသည်။ ထိုလေဆိပ်သည် တစ်နှစ်လျှင် ခရီးသည်သုံးသန်းကို ဝန်ဆောင်မှုပေးနိုင်၍ ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် ဒေါက်တာဇော်မြင့်မောင်ကဆိုသည်။ မန္တလေးတိုင်းတွင် လူဦးရေ ၁ ဒသမ ၄ သန်းရှိပြီး ၆၈ ရာခိုင်နှုန်းသည် အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်၍ လုပ်သားအင်အား အဆင်သင့်ရှိသည်ဟု ၎င်းကဆိုသည်။

လက်ရှိတွင် မန္တလေးတိုင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇၀ ကျော်ရှိပြီး ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံဖိုးရှိသည်။ ရင်းနှီးမြှုပ်နှံထားသည့်လုပ်ငန်းများသည် စက်မှုလက်မှု၊ ခရီးသွားစွမ်းအင်နှင့်အိုင်တီကဏ္ဍတို့ဖြစ်သည်။ သို့သော် စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံသူမရှိ၍ ထိုကဏ္ဍ၌လည်း ရင်းနှီးမြှုပ်နှံရန် ဝန်ကြီးချုပ်က ဖိတ်ခေါ်သည်။

**Source:** http://www.7daydaily.com/story/148699

## ၂၀၁၉မှာလည်း ကြက်ဥဈေးနှုန်း မူလအတိုင်း ရပ်တည်နေနိုင်




မန္တလေးမြို့ ကြက်ဥဈေးကွက်မှာ ပြီးခဲ့တဲ့အပတ်က တစ်ပိဿာ ကျပ် ၁၆၀၀ ရှိခဲ့ရာက သည်အပတ်မှာတော့ တစ်ပိဿာကို ကျပ် ၁၀၀ မြင့်တက်လာခဲ့ပြီး အတက်ဈေးနဲ့ငြိမ်နေနိုင်မယ်လို့ ကြက်ဥ ၊ ကြက်သား မွေးမြူထုတ်လုပ် ရောင်းချသူများအသင်းက သိရပါတယ်။ ကြက်ဥဈေးနှုန်းက ဒီနေ့တစ်ပိဿာကို ၂၇၀၀ ပြီးခဲ့တဲ့ တစ်ပတ်လောက်က ၁၆၀၀ ပေါ့၊ ဈေးတက်လာတယ်ပေါ့၊ နောက်ပြီး ပွဲတွေလမ်းတွေများ အသုံးအစွဲတွေ များတဲ့အခါကျတော့ ဈေးတက်လာကြောင်း ဗဟိုမွေးမြူရေးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ (၃)က ပြောပါတယ်။

မနှစ်က တရုတ်ဘက်မှာ ကြက်ငှက်တုပ်ကွေးဖြစ်ပွားသွားတာကြောင့် တရုတ်ပြည်ရဲ့ ကြက်ဥလိုအပ်ချက်ဟာ အခုထိ အစားမဖြည့်နိုင်သေးတဲ့အတွက် မြန်မာနိုင်ငံကနေ ဝယ်ယူနေဆဲပဲဖြစ်တယ်လို့ သိရပါတယ်။ မန်းတိုင်းဥက္ကဋ္ဌ ဒေါက်တာ နေသူရိန်က ကျောက်မဲကနေ တရုတ်ပြည်ဘက်ကိုလဲ ပုံမှန်ထွက်နေတယ်၊ တရုတ်ဘက်မှာ ကြက်ငှက်တုပ်ကွေး ဖြစ်သွားတာတွေက သူတို့က အစားပြန်မဖြည့်နိုင်သေးဘူး၊ မြန်မာဘက်ကနေ ကြက်ဥက နေ့စဉ်နေ့စဉ် နည်းနည်းစီ ပြန်ဝယ်ပြီးတော့ဖြည့်နေရတုန်းပဲ၊ ယူတုန်းပဲပေ့ါ၊ ကြက်ဥဈေးကတော့ လောလောဆယ်ငြိမ်နေတာပေ့ါ၊ ၂၀၁၉ ခုနှစ်မှာလဲ ဒီတိုင်းပဲကောင်းနေနိုင်တယ်လို့ ပြောပါတယ်။

တစ်ပိဿာကို ကျပ် ၂၆၀၀ နဲ့ ၂၇၀၀ လောက်မှာရှိနေတယ်ဆိုရင် မွေးမြူသူတွေအနေနဲ့လည်း အဆင်ပြေသလို စားသုံးသူတွေအနေနဲ့လည်း အဆင်ပြေနိုင်တယ်လို့ သိရပါတယ်။ တစ်ပိဿာကို ကြက်ဥ ၂၇ လုံး လောက်ပါတတ်ပြီး တစ်ပိဿာကို ၂၇၀၀ ကျပ် ဈေးနှုန်းရှိနေမယ်ဆိုရင် ဖောက်သည်ဈေးနှုန်းတစ်လုံးကို ကျပ် ၁၀၀ လောက်ကျသင့်မှာ ဖြစ်ပါတယ်။ ထိုင်းဘက်က ကြက်ဥတွေလဲ ပြည်တွင်းကိုဝင်နေတာကြောင့် အခုထက်ဈေးနှုန်းကျဆင်းပြီး ထုတ်လုပ်မှု စရိတ်အောက်ကို အဆမတန်ရောက်သွားမယ်ဆိုရင်တော့ ပြည်တွင်းကြက်မွေးမြူရေးဟာ အများကြီးယိုင်နဲ့ သွားနိုင် တယ်လို့သိရပါတယ်။ မွေးမြူသူတွေအနေနဲ့ ထိုက်သင့်တဲ့ အမြတ်အစွန်းရမှ နောက်ထပ်ရင်းနှီးမြှပ်နှံမှု လုပ်နိုင်မှာ ဖြစ်တယ်လို့ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဒါက်တာကျော်ထင်ကဆိုပါတယ်။

**Source:** www.phothutaw.com

## ရခိုင်ပြည်နယ်တွင် အဝယ်နည်း၍ အုတ်ဖုတ်လုပ်ငန်းအချို့ ရပ်ဆိုင်းထားဟုဆို



ဆောက်လုပ်ရေးကုမ္ပဏီများက အဝယ်မရှိသဖြင့် တောင်ကုတ်မြို့နယ်တွင် အုတ်အရောင်းအဝယ်နည်းနေပြီး အုတ်ဖုတ်၏လုပ်ငန်း အချို့ လုပ်ငန်းရပ်ဆိုင်းထားရသည်ဟု အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်သူအချို့က ပြောသည်။ ယခုနှစ်အတွက် မြို့နယ်များတွင် အစိုးရအဆောက်အအုံ ဆောက်လုပ်မှုနည်းပါးခြင်းကြောင့် ဆောက်လုပ်ရေးကုမ္ပဏီများက အုတ်အဝယ်နည်းခြင်းဖြစ်သည်။ အဓိကဆောက်လုပ်ရေးကုမ္ပဏီတွေကို အားထားပြီးတော့ အုတ်ဖုတ်ရတယ်။ ဒီနှစ်မှာကုမ္ပဏီတွေက အမှာမရှိတဲ့အတွက် အုတ်မဖုတ်ဖြစ်ဘူး။ ရခိုင်မှာလည်း တဖြည်းဖြည်းလုပ်ကိုင်စားသောက်ဖို့ အလုပ်မရှိသလိုဖြစ်လာကြောင်း တောင်ကုတ်မြို့နယ် ကင်းတောင်ကျေးရွာ၌ အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်သူ ဦးကျော်ကျော်ထွန်းကပြောသည်။ ရခိုင်ပြည်နယ်တွင် အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်သူအများစုသည် အစိုးရအဆောက်အအုံ ဆောက်လုပ်သည့်ကုမ္ပဏီများကို အဓိကအားထားနေရပြီး ပြင်ပအဆောက်အအုံဆောက်လုပ်မှုနည်းပါးကြောင်း ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။ လက်ရှိတွင် တောင်ကုတ်မြို့နယ်၌ အုတ်တစ်ချပ် ကျပ် ၁၁၀ ဈေးရှိပြီး ယခင်နှစ်ဈေးအတိုင်း အပြောင်းအလဲမရှိကြောင်း အုတ်ရောင်းသူများကပြောသည်။

**Source:** http://www.7daydaily.com/story/148700

## ကမ္ဘာ့စီးပွားရေးအရ အင်တိုက်အားတိုက် တက်ကြွမှုအရှိဆုံးမြို့တွေထဲမှာ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်တို့က မြို့ကြီးတွေပါဝင်နေ

စီးပွားရေးအရ အင်တိုက်အားတိုက်ရှိပြီး တက်ကြွမှုအရှိဆုံးသော ကမ္ဘာ့မြို့ကြီးများ ၂၀ စာရင်းမှာတော့ အာဆီယံဒေသက နိုင်ငံတစ်ချို့ရဲ့ မြို့ကြီးတွေပါဝင်နေလျက်ရှိပါတယ်။ အမေရိကန် အိမ်ခြံမြေအတိုင်ပင်ခံလုပ်ငန်း JLL က ထုတ်ပြန်တဲ့ City Momentum Index မှာတော့ စီးပွားရေးအရတက်ကြွမှုရှိတဲ့ နိုင်ငံတကာက မြို့ကြီး ၁၃၁ မြို့ရဲ့ မြို့ပြစီးပွားရေးနဲ့ အိမ်ခြံမြေဈေးကွက်တွေ အလျင်မြန်ဆုံး အရှိန်နဲ့တိုးတက်နေမှုတွေကို ခွဲခြားထုတ်ဖော်ထားပါတယ်။

အဆိုပါ ခွဲခြားထုတ်ဖော်မှုအရ ကမ္ဘာ့စီးပွားရေးအရ တက်ကြွမှုအကောင်းဆုံး မြို့ ၂၀ စာရင်းမှာတော့ အိန္ဒိယရဲ့ Bengaluru က ထိပ်ဆုံးကရှိနေလျက်ရှိပါတယ်။ ယင်းစာရင်းမှာတော့ ဗီယက်နမ်မြို့တော်ဟနွိုင်းနဲ့အတူ ဟိုချီမင်းစီးတီး၊ ဖိလစ်ပိုင်မြို့တော် မနီလာ၊ ထိုင်းရဲ့ မြို့တော် ဘန်ကောက်တို့ ပါဝင်နေလျက်ရှိပါတယ်။ ဒါ့အပြင် ယခု JLL က ထုတ်ပြန်တဲ့ City

Momentum Index အရ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရဲ့ စီးပွားရေးအရှိန်အဟုန်ဟာ ပြီးခဲ့တဲ့ ၂ နှစ်တာအတွင်း တစ်ဖြည်းဖြည်းချင်း မြင့်တက်လာနေခဲ့ကြောင်းလည်းသိရပါတယ်။

**Source:** https://www.bangkokpost.com/.../bangkok-among-worlds-20-most-...

## တရုတ်နှင့်အမေရိကန်ကုန်သွယ်ရေး ညှိနှိုင်းမှုအဆင်ပြေခဲ့ပါက ကမ္ဘာ့စတော့ရှယ်ယာတန်ဖိုးများ မြင့်တက်လာမည်ဟုသိရ

ကမ္ဘာ့ထိပ်တန်းစီးပွားရေးအင်အားကြီးနှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာဆွေးနွေးနိုင်ရေးပြင်ဆင်နေစဉ် တရုတ်နိုင်ငံ ထိပ်တန်းကုန်သွယ်ရေး ညှိနှိုင်းရေးမှူးတစ်ဦးသည် အမေရိကန်နိုင်ငံ ဂါရှင်တန်သို့ရောက်ရှိလာကြောင်း တရုတ်နိုင်ငံပိုင် မီဒီယာက ဇန်နဂါရီ ၂၉ ရက် တွင် ဖော်ပြခဲ့သည်။ အမေရိကန် တရားရေးဌာနက တရုတ်နိုင်ငံထိပ်တန်းနည်းပညာ ကုမ္ပဏီဖြစ်သော ဟွာဝေးအပေါ် စွဲချက်တင်လိုက်ချိန်တွင် ဗဟိုဘဏ်အကြီးအကဲအပါအဝင် ဒုတိယဝန်ကြီးချုပ် လျူဟဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဇန်နဂါရီ ၂၈ ရက်က အမေရိကန်နိုင်ငံသို့ရောက်ရှိလာခဲ့သည်။ တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား ယာယီကုန်သွယ်ရေးသဘောတူညီမှုကာလမှာ တစ်လသာကျန်ရှိတော့ကြောင်း သိရသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့၏ ကုန်သွယ်ရေးဆိုင်ရာ လွန်ဆွဲမှုသည် ကမ္ဘာ့စီးပွားရေးကို များစွာထိခိုက်စေကြောင်း စီးပွားရေးပညာရှင်များကပြောသည်။ အမေရိကန်သမ္မတ တရုတ် ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်ရက်ကြာတွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း အမေရိကန်အရာရှိများကဖော်ပြခဲ့သည်။ နှစ်ဖက် ညှိနှိုင်းဆွေးနွေးမှုသည် အောင်မြင်မှုအခွင့်အလမ်းရရှိနိုင်သလို ထင်သလိုဖြစ်မလာနိုင်ဟုလည်း ဖော်ပြချက်များ ရှိနေရာ အကယ်၍ နှစ်ဖက်အဖွဲ့အစည်းအနေဖြင့် နားလည်မှုတစ်စုံတစ်ရာကိုသာ ရရှိခဲ့မည်ဆိုပါက ကမ္ဘာ့စတော့ရှယ်ယာ တန်ဖိုးများ မြင့်တက်လာမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2216321005275062?__tn__=K-R

## တရုတ်-အာဆီယံကုန်သွယ်မှု တိုးတက်ခြင်းက မလေးရှားပို့ကုန်လုပ်ငန်းရှင်တွေအတွက် အခွင့်အလမ်းကောင်းများရရှိစေ

အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) နဲ့ တရုတ်အကြားကုန်သွယ်မှုပိုင်း တိုးတက်လာနေခြင်းက မလေးရှား ပို့ကုန်တင်ပို့ သူတွေအတွက်ကတော့ အခွင့်အလမ်းကောင်းတွေဖြစ်ပေါ်စေလျက်ရှိကြောင်းသိရပါတယ်။

ယင်းအခြေအနေကြောင့် မလေးရှား ပို့ကုန်တင်ပို့သူတွေအနေနဲ့ ကြီးမားတဲ့ တရုတ်ဈေးကွက်ဆီ ဝင်ရောက်နိုင်မယ့်အခွင့်အလမ်းကောင်းတစ်ရပ် ရရှိနေလျက်ရှိကြောင်း တရုတ်နဲ့အာဆီယံဆိုင်ရာ မလေးရှားအခြေစိုက်စီးပွားရေးအဖွဲ့အစည်း CABA ကထုတ်ပြန်ပါတယ်။

အာဆီယံရဲ့ တရုတ်နဲ့အကြား ကုန်သွယ်မှုဟာဆိုရင် ဥရောပသမဂ္ဂ၊ အမေရိကန်တို့နဲ့ ယှဉ်ပါက စံချိန်တင် ပိုမိုမြင့်မားတဲ့ တိုးတက်မှုတွေရရှိထားကြောင်းလည်း CABA ရဲ့ ဥက္ကဋ္ဌ Lim Gait Tong က ပြောသွားပါတယ်။ ဒါကြောင့် ခုဟာကတော့ မလေးရှားပို့ကုန် လုပ်ငန်းရှင်တွေအတွက် အခွင့်အလမ်းဖြစ်ပါတယ်ဆိုပြီး ၎င်းကပြောသွားပါတယ်။

CABA ကတော့ တရုတ်နဲ့ အာဆီယံဒေသအတွင်းက ကုန်သည်ကြီးများအသင်းတွေ၊ စက်မှုလုပ်ငန်းအဖွဲ့အစည်းတွေ၊ ကုန်သွယ်ရေးအဖွဲ့အစည်းတွေ၊ လုပ်ငန်းတွေအကြားပိုမို ဆက်သွယ်ပူးပေါင်းနိုင်ရေး ချိတ်ဆက်လုပ်ဆောင်ပေးနေတဲ့အဖွဲ့တစ်ခုလည်း ဖြစ်ပါတယ်။

**Source:** http://www.xinhuanet.com/.../asiap.../2019-01/28/c_137781755.htm

## ဂျပန်ယန်းနှင့် တရုတ်ယွမ်ငွေတို့ကို ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများဆောင်ရွက်နိုင်သည့် ငွေကြေးများအဖြစ် သတ်မှတ်





ဂျပန်ယန်း (Japanese Yen) နှင့် တရုတ်ယွမ် (Chinese Yuan-RMB) တို့ကို နိုင်ငံတကာ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများ ဆောင်ရွက်နိုင်သည့် ငွေကြေးများအဖြစ် သတ်မှတ်ခွင့်ပြုလိုက်သည်ဟု မြန်မာ နိုင်ငံတော်ဗဟိုဘဏ်က ဇန်နဝါရီလ ၃၀ ရက် (ယနေ့) တွင် ညွှန်ကြားချက်အမှတ် (၄ / ၂၀၁၉) ကို ထုတ်ပြန်လိုက်သည်။

နိုင်ငံတကာငွေပေးချေမှု၊ စာရင်းရှင်းလင်းမှုများနှင့် နယ်စပ်ကုန်သွယ်ရေးတွင် ငွေပေးချေမှု ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (Authorized Dealer-AD) လိုင်စင်ရဘဏ်များတွင် ဂျပန်ယန်း

(Japanese Yen) နှင့် တရုတ်ယွမ် (Chinese Yuan-RMB) တို့ကို နိုင်ငံတကာ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများ ဆောင်ရွက်ခွင့်ပြုလိုက်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့သော် အဆိုပါ ငွေကြေးနှစ်ရပ်အား နိုင်ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများဆောင်ရွက်ရန် AD လိုင်စင်ရ ဘဏ်များအချင်းချင်းသာ အပြန်အလှန် စာရင်းဖွင့်လှစ်ခြင်းနှင့် စာရင်းရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိပြီး လူပုဂ္ဂိုလ် တစ်ဦးချင်း (သို့မဟုတ်) တရားဝင်အဖွဲ့အစည်းများအတွက် ငွေစာရင်းဖွင့်လှစ်ဆောင်ရွက်ခွင့်မပြုကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နေပြည်တော်တွင် နှစ်ရက်ကြာ ကျင်းပပြုလုပ်ခဲ့သည့် Invest Myanmar Summit 2019 ပွဲ ပြင်ပတွင် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်တစ်ဦးက အမေရိကန်ဒေါ်လာကိုသာ ကြားခံသုံးနေရသည့်အတွက် အဆင်မပြေမှုများ ရှိနေကြောင်း၊ စနေနှင့် တနင်္ဂနွေ ဘဏ်ပိတ်ရက်များတွင် ငွေလဲရာတွင်လည်း အဆင်မပြေကြောင်း ဝန်ကြီးဦးသောင်းထွန်းကို မေးမြန်းရာတွင် ဝန်ကြီးက စီစဉ်ဆောင်ရွက်ပေးမည်ဟု ပြန်လည်ဖြေကြားခဲ့ပြီးနောက်ပိုင်း ဗဟိုဘဏ်မှ ယခုကဲ့သို့ ထုတ်ပြန်ချက်ထွက်ပေါ် လာခြင်းဖြစ်သည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2019981

## STOCK EXCHANGE (30.1.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 30th Jan. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -100 | -1.11% | 9,000 | 9,000 | 8,900 | 1,615 | 14,527,000 | 27,112,747 | 241,303 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 1,457 | 4,225,300 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | -100 | -1.37% | 7,200 | 7,200 | 7,200 | 19 | 136,800 | 10,400,986 | 74,887 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 210 | 4,620,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 1,849 | 5,084,750 | 12,212,906 | 33,585 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.73 | -2.75 | -0.72% | 380.72 | 380.72 | 378.73 | 5,150 | 28,593,850 | 5 | 517,055 |


**Index chart**



# Market Overview

As of 1:00 pm, 30th Jan. 2019

| MYANPIX | 378.73 ▼ 2.75 |
|---|---|
| Total Volume (shares) | 5,150 |
| Total Value (MMK) | 29 mil |
| Listed Company | 5 |
| Market Cap. (MMK) | 517,055 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼100 |
| MTSH | 00002 | 2,900 | ▲0 |
| MCB | 00003 | 7,200 | ▼100 |
| FPB | 00004 | 22,000 | ▲0 |
| TMH | 00005 | 2,750 | ▲0 |

TIR